# ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု အတွက် အလုပ်သမား ဥပဒေ ပြုပြင်ပြောင်းလဲခြင်းသည် အဓိကကျ

မြန်မာအစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများ၊ အရပ်ဖက် အဖွဲ့အစည်း နှင့် နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများ မှ မညီမျှမှုများ နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချခြင်း နှင့် ရေရှည် တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ခြင်း ကို အရှိန်အဟုန် မြင့်တင့် ဆောင်ရွက်ရန် အလုပ်သမား ဥပဒေ ပြုပြင်ပြောင်းလဲမှု ကို ဖော်ဆောင်ရန် ဦးစားပေးမှုများကို ဆွေးနွေးကြသည်။

**နေပြည်တော်၊ မြန်မာ** (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့အစည်း  သတင်း) _ မြန်မာ အစိုးရမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်များ၊ အလုပ်သမားများ၊ အရပ်ဖက် အဖွဲ့အစည်း နှင့် နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများ သည် ၂၀၁၅ ခုနှစ်မှ စတင်ကာ တတိယအကြိမ် အဖြစ် တွေ့ဆုံ ခဲ့ကြသည်။ ထိုသို့ တွေ့ဆုံရာတွင် "အခြေခံ အလုပ်သမား အခွင့်အရေးများ နှင့် အလေ့အကျင့်များ မြှင့်တင်ခြင်း ဖော်ဆောင်မှု ပဏာမခြေလှမ်း" ၏  တစ်စိတ်တစ်ပိုင်းဖြစ်သော အလုပ်အကိုင်ဈေးကွက် ပြုပြင်ပြောင်းလဲမှု ဆိုင်ရာ တိုးတက်မှုများ နှင့် စိန်ခေါ်မှု များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဖိုရမ်ကို မြန်မာအစိုးရ၏ လက်ခံကျင်းပပေးမှု နှင့်အတူ ဥရောပ သမဂ္ဂ ၏ ထောက်ပံ့မှုဖြင့် နေပြည်တော်တွင် ဇန်နဝါရီလ ၁၇ ရက်နေ့က ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ က အလုပ်ရှင်များ နှင့် အလုပ်သမားများ အဖွဲ့အစည်းများ အကြား လူမှုရေးအရ တွေ့ဆုံဆွေးနွေးခြင်းကို အားကောင်းစေခြင်း နှင့် မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေများ ပြုပြင်ပြောင်းလဲရေး အတွက် မြန်မာ အစိုးရ၏ ကတိကဝတ်ကို ထပ်မံ အတည်ပြုကာ နှစ်ရက်ကြာ ကျင်းပသော ဆွေးနွေးပွဲ(ဖိုရမ်) ကို အဖွင့် အမှာစကား ပြောကြားပေးခဲ့သည်။

"အလုပ်သမား ဈေးကွက် အုပ်ချုပ်မှု သည် အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန် ရရှိလာခြင်းနှင့် အတူ တက်ကြွသော အလုပ်သမား ဈေးကွက် ကို ဖော်ဆောင်နိုင်ကာ ပိုမို စနစ်ကျလာမည်ဟု ကျွန်တော့ အနေဖြင့် အခိုင်အမာ ယုံကြည်ပါကြောင်း" ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေမှ ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပ သမဂ္ဂ သံအမတ်ကြီး ခရစ်ရှန် ရှမစ် မှလည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့အစည်း နှင့် အမေရိကန် ပြည်ထောင်စု၊ ဂျပန်၊ ဥရောပ သမဂ္ဂ၊ ဒိန်းမတ် စသော ဖော်ဆောင်သည့် မိတ်ဖက်အဖွဲ့အစည်းများ ကိုယ်စား ပြောကြားရာတွင် ရေရှည်တည့်တံ့ခိုင်မြဲစေရန်_ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ကာ လူ့အခွင့်အရေးကို လေးစား လိုက်နာလျှက် လူမှုရေးဆိုင်ရာ

တရားမျှတမှုများဖြင့် လက်ချင်းချိတ် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

"အလုပ်သမားရေးရာ ကမကထပြု ဆောင်ရွက်သော နိုင်ငံတကာ မိတ်ဖက် အဖွဲ့များ အနေဖြင့် အစိုးရ၊ ကုန်သွယ်မှုဆိုင်ရာ သမဂ္ဂများ၊ အလုပ်ရှင်များ၊ လုပ်ငန်းများ နှင့် အရပ်ဖက် အဖွဲ့အစည်းများ အကြား စဉ်ဆက်မပြတ် ဆွေးနွေးမှုကို အားပေးကြောင်း နှင့် ၎င်းတို့အနေဖြင့် မြန်မာ့ အလုပ်သမားစျေးကွက် ကို စံနှုန်းသစ်များ ချမှတ်ထားခြင်းအပေါ် အားလုံးသိရှိရန် ဆောင်ရွက်ရမှာ ဖြစ်ကြောင်း နှင့် အလုပ်သမားထုသည် မျှတစွာ ဆက်ဆံခံရမှသာ အမှန်တကယ် ရေရှည် တည်တံ့မည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကို အကောင်အထည်ဖော် ထောက်ပံ့ရန် လိုလားကြမည် ဖြစ်ပြီး၊ စွမ်းဆောင်နိုင်ကြမည်" ဟု သံအမတ်ကြီး ရှမစ် မှ ပြောကြားသည်။

"အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှု လမ်းကြောင်းသည် ဘယ်သော အခါမှ မချောမွေ့ခဲ့ပေ။ ရှေ့သို့ ဆောင်ရွက်ရသည့် ခြေလှမ်းတိုင်းတွင် မကျေနပ်စရာများ၊ စိတ်ပျက်စရာများကိုလည်း ကြုံတွေ့ကြရတတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ စစ်မှန်ပြီး အဓိပ္ပါယ် ပြည့်ဝသော သုံးဦးသုံးဖလှယ် လူမှုရေး တွေ့ဆုံ ဆွေးနွေးခြင်းများဟာ လူမှုရေး တရားမျှတမှု အတွက် အကောင်းမွန်ဆုံး လမ်းကြောင်း ဖြစ်သည်ဟူသော ကျွန်တော်တို့၏ ခိုင်မာတဲ့ ထင်မြင် ယူဆချက်များဟာ မှန်ကန်နေမှာ ဖြစ်ပါတယ်။ မကြာသေးမီ ကာလကပင် ဒီလို အမြင်ချင်း ဖလှယ်မှုမျိုးကို တွေးကြည့်လို့ပင် မရရှိခဲ့သေးပေ။ လူမှုရေး မိတ်ဖက်များ၏ ပါဝင်မှု နှင့် ယုံကြည်မှု တိုးပွားလာခြင်းကို မြင်ရသည်မှာ အထင်ကြီးစရာပဲ ဖြစ်ပါတယ်။" ဟု အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့အစည်းမှ ဒုတိယ ညွှန်ကြားရေးမှူး ဂရက် ဗိုင်း မှ နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ဖိုရမ်သည် ကောင်းမွန်သော အလုပ်သမား စျေးကွက် အုပ်ချုပ်မှု နှင့် စက်ရုံဆိုင်ရာ ဆက်ဆံရေးများ သည် အလုပ်အကိုင် ဖန်တီးခြင်း ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်း နှင့် မတူညီမှု များကို ညှိနှိုင်းဆောင်ရွက်ကာ ရေရှည် ဖွံ့ဖြိုးတိုးတက်မှု ကို ပံ့ပိုးနိုင်ပါသည်။ မြန်မာ့ စီးပွားရေး ပွင့်လင်းလာသည် နှင့် အမျှ ထိရောက်သော အလုပ်သမား ဥပဒေများသည် တာဝန်ယူမှု တာဝန်ခံမှု ရှိသော လုပ်ငန်းများ နှင့် ရင်းနှီးမြုပ်နှံမှုများ အတွက် အပြုသဘောဆောင်သော ပတ်ဝန်းကျင်ကို ဖန်တီးရန် မရှိမဖြစ် လိုအပ်ပါသည်။

၂၀၁၈ ခုနစ်တွင် ပါဝင်သက်ဆိုင်သူများ ဖိုရမ်မှ တက်ရောက်လာကြသူများ မှ အလုပ်သမားဆိုင်ရာ ဥပဒေ ပြုပြင်ပြောင်းလဲခြင်း အတွက် ကျန်ရှိနေသော အဓိက စိန်ခေါ်မှုများ အပေါ် အမြင်များ ဖလှယ်ကြသည်။ ထုတ်လုပ်မှု မြှင့်တင်ရန် အတွက် စုပေါင်း ညှိနှိုင်းခြင်း နှင့် လူမှုရေးအရ တွေ့ဆုံ ဆွေးနွေးခြင်းများ၏ အရေးပါမှုကိုလည်းကောင်း အလုပ်ခွင်အတွင်း အငြင်းပွားဖွယ်ရာများကို ဖြေရှင်းခြင်း နှင့် ကာကွယ်ခြင်းအတွက် လည်းကောင်း ဆွေးနွေးကြသည်။ ပြောကြားသူများမှ အဓမ္မ လုပ်အား ခိုင်းစေမှု ကိစ္စနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမား သမဂ္ဂ နှင့် မြန်မာနိုင်ငံ၏ သဘောတူညီမှုများကို လည်း အသစ် ပြန်လည်ရေးဆွဲရန် မျှော်လင့်ကြောင်း ပြောကြားသွားကြသည်။

၂၀၁၆ခုနှစ်တွင် ပါဝင်သက်ဆိုင်သူများ ဖိုရမ်ကတည်းက အလုပ်သမား ဥပဒေကို ပြင်ဆင်မှုများ ဆောင်ရွက်လာရာ အဓိက ဥပဒေများကို ပြင်ဆင်နိုင်ရန် လွှတ်တော်သို့ တင်ပြရန် ယခုအခါ အဆင်သင့် ဖြစ်နေပေပြီ။ ၄င်းတွင် အလုပ်သမား အဖွဲ့ ဥပဒေများ၊ လုပ်ငန်းခွင် အတွင်း အငြင်းပွားဖွယ်ရာ များကို ဖြေရှင်းခြင်းဥပဒေ တို့ကို ဆက်လက် ဆွေးနွေးရန်လည်း ပါဝင်သည်။ ထို့နောက် အစိုးရ၊ အလုပ်ရှင်များ နှင့် အလုပ်သမား ကိုယ်စားလှယ်များသည် အလုပ်ရှင်နှင့် အလုပ်သမားများ အားလုံးအပေါ် သက်ရောက်သော အလုပ်ခန့်အပ်မှု စာချုပ်ပုံစံကို ကြည့်ရှု့စစ်ဆေး ကြပြီး လက်ရှိ အနိမ့်ဆုံးလုပ်ခ သက်မှတ်ချက်ကို စစ်ဆေးမှုများ လုပ်ဆောင်လျှက် ရှိသည်။

"ကောင်းမွန်သော စက်မှု လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးများ၊ စစ်မှန်သော လူမှုရေး ဆွေးနွေးပွဲများ နှင့် စုပေါင်းဆွေးနွေးခြင်းများသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေး တိုးတက်မှု ကို အောင်မြင်နိုင်ရန် အသက်တမျှ အရေးပါပါတယ်"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ်မှ ဦးမောင်မောင်မှ ပြောကြားသည်။ "ယင်းတို့သည် တိုင်းပြည် စီးပွားရေး တိုးတက်ခြင်း၊ မျှဝေခြင်း နှင့် ဖြန့်ဝေခြင်းတို့အတွက် အချိန်နှင့်အမျှ စမ်းသပ် အစစ်ဆေးခံ နိုင်သည့်အရာများသာလျှင် ဖြစ်ပါတယ်။"

"အလုပ်ရှင်များ ရော အလုပ်သမားများပါ မျှတပြီး ခန့်မှန်းနိုင်သော အလုပ်သမားဈေးကွက်ကို ရရှိထိုက်ပါတယ်။ ကောင်းစွာ ရေးသားထားတဲ့ အလုပ်သမားဆိုင်ရာ ဥပဒေ သည် အဆိုပါ ပတ်ဝန်းကျင် ကို ဖန်တီးနိုင်ရန် အဓိက ကျပါတယ်။ သို့သော်လည်း ဥပဒေချည်း သက်သက်ကတော့ မလုံလောက်ပါဘူး။ ဥပဒေရေးရာ မူဘောင်ကို အသက်သွင်းခြင်း ကလည်း မရှိမဖြစ် အရေးပါပြီး ယခုကဲ့သို့ ပုဂ္ဂလိက ကဏ္ဍ တွင်မှ တိုးတက်စရာ သိသာထင်ရှားသော အခြေအနေများစွာ ရှိနေပါတယ်"ဟု ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်းချုပ် မှ ဒေါ်ခိုင်ခိုင်နွယ်က အလေးအနက်ထား ပြောကြားသည်။

ပါဝင်သက်ဆိုင်သူများ ဖိုရမ်သည် ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်အဆင့် သုံးဦးသုံးဖလှယ် ဆွေးနွေးပွဲ ဖိုရမ် တွင် အောင်မြင်ရန် အလုပ်သမားဈေးကွက် ပြုပြင်ပြောင်းလဲမှုတွင် ထပ်မံ ဦးစားပေး လုပ်ဆောင်စရာများအတွက် လမ်းပြမြေပုံတစ်ခု တင်ပြခြင်းနှင့်အတူ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပြီးဆုံးမည် ဖြစ်ပါသည်။

## နောက်ခံ အကြောင်းအရာ

၂၀၁၄ ခုနှစ်က ပူးတွဲ ကျင်းပခဲ့သည့် မြန်မာ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ဂျပန်၊ အမေရိကန် ပြည်ထောင်စုတို့မှ  အစိုးရများ နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့အစည်း တို့မှ တက်ရောက်ခဲ့သော မြန်မာနိုင်ငံရှိ "အခြေခံ အလုပ်သမား အခွင့်အရေးများ နှင့် အလေ့အကျင့် များ မြှင့်တင်ခြင်း ဖော်ဆောင်မှု ပဏာမ ခြေလှမ်း" မှတဆင့် အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများ နှင့် အရပ်ဖက် အဖွဲ့အစည်းများ အကြား အားကောင်းတဲ့ တွေ့ဆုံ ဆွေးနွေးခြင်းများ ပေါ်ပေါက် လာခြင်းဖြင့် နိုင်ငံတကာ အလုပ်သမားရေးရာ စံနှုန်းများ ကို လိုက်နာ နိုင်သည် အထိ တိုးတက်

လာနိုင်ရန် မြန်မာနိုင်ငံ၏ အလုပ်သမား စနစ် ပြောင်းလဲရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို အားပေးပါသည်။

နိုင်ငံတော်အဆင့် သုံးဦးသုံးဖလှယ် ဆွေးနွေးပွဲ ဖိုရမ် နှင့် ပါဝင်သက်ဆိုင်သူများ ဖိုရမ် သည် အစိုးရ၊ အလုပ်ရှင်များ နှင့် အလုပ်သမား ကိုယ်စားလှယ်များ အကြား ဆွေးနွေးညှိနှိုင်း မှု ပုံမှန်လမ်းကြောင်း တစ်ခု ဖြစ်ပြီး လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက မြန်မာနိုင်ငံတွင် သိသိသာသာ တိုးတက်လာသော လူမှုရေးအရ တွေ့ဆုံ ဆွေးနွေးခြင်း အလေ့အကျင့် ကောင်း အသစ်တစ်ခု ကို လက်တွေ့ ပြသလိုက်ခြင်းပင်ဖြစ်သည်။ လူမှုရေး မိတ်ဖက်များ အကြား အဆိုပါ သုံးဦး သုံးဖလှယ် တွေ့ဆုံ ဆွေးနွေးခြင်း နည်းလမ်းသည် အလုပ်သမားဈေးကွက်ကို အုပ်ချုပ်ခြင်းအား တိုးတက် စေရုံသာမက အလုပ်ရှင်များ နှင့် အလုပ်သမားများ အကြား ကောင်းမွန်သော ဆက်ဆံရေးကို မြှင့်တင်ပေးခြင်း နှင့် ဥပဒေကို လေးစားလိုက်နာခြင်းလည်း ဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံ ၏ အလုပ်သမားဆိုင်ရာ ဥပဒေကို လေးစားလိုက်နာခြင်း နှင့် နိုင်ငံတကာ အလုပ်သမားရေးရာ စံနှုန်းများကို သက်ရောက်စေရန် စိန်ခေါ်မှုများရှိနေသော လက်ရှိအခြေအနေနှင့် သင့်လျှော်ပါသည်။


သတင်းထုတ်ပြန်မှု အတွက် ဆက်သွယ်ရန်

အင်္ဂလိပ်ဘာသာအတွက်

Mr Marco Minocri,

Communications Consultant, ILO Liaison Office, Yangon
minocri@iloguest.org - +95 9 964611167

မြန်မာဘာသာအတွက်

ဒေါ်အေးသက်ဦး

National Project Coordinator, ILO Liaison Office, Yangon
ooaye@ilo.org - +95 9 795295189